# သမာဓိကုသိုလ် (၂) ပါး

**၁။ အနုပ္ပန္န သမာဓိ**

**၂။ ဥပ္ပန္န သမာဓိ**

**အနုပ္ပန္နသမာဓိသည် နိယာမ၊အနိယာမ ဟူ၍ (၂)ပါးရှိ၏။**

**သမာပတ်ရှစ်ပါး ကိုးပါး ဟူသော အပ္ပနာသမာဓိသည် အနာဂါမ်ပုဂ္ဂိုလ်ဖြစ်မှ နိယာမဖြစ်၏။**

**တာဒိဂုဏ်ကို ဆောင်ရွက်နိုင်သောပညာသည် ရဟန္တာဖြစ်မှ နိယာမဖြစ်၏။**

**သောတာပန်ပုဂ္ဂိုလ်ရထိုက်သောသမာဓိပညာ**

**သောတာပတ္တိမဂ်၌ အကျုံးဝင်သော နိဗ္ဗာန်လျှင် အာရုံရှိသော သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိ မဂ္ဂင်(၃)ပါးသည် လောကုတ္တရာသမာဓိ**

**ထိုသမာဓိမဂ္ဂင်(၃)ပါးသည် မိစ္ဆာဝါယမ, မိစ္ဆာသတိ, မိစ္ဆာသမာဓိလျှင် အရင်းခံရှိသော အဘိဇ္ဈာ ဗျာပါဒဟူသော မနောဒုစ္စရိုက်အများတို့ကို သမုစ္ဆေဒ ပဟာန်ဖြင့် အကြွင်းမဲ့ ပယ်သတ်နိုင်၏။ (လောကုတ္တရာပညာ)**

**အနုတ္တဘာဝနာပေါ်ရှိသော ဘုရားသာသနာအတွင်း၌သာ ပေါ်ရှိသောသမာဓိ ဖြစ်၏။**

**ထို့ကြောင့် ဘုရားသာသနာကြုံကြိုက်ဆဲအခါ၌ ထိုအနုပ္ပန္နသမာဓိကုသိုလ်ကို မရ ရအောင်** ကြိုးစားအားထုတ်ကြရမည်။

ဥပ္ပန္နသမာဓိသည် ကာမာဝစရသမာဓိ, ရူပါဝစရသမာဓိ, အရူပါဝစရသမာဓိ ဟူသော လောကီသမာဓိဖြစ်၏။ ထိုလောကီသမာဓိသည် နိယာမ၊ အနိယာမ ဟူ၍ (၂)ပါးရှိ၏။

အရိယာပုဂ္ဂိုလ်တို့၌တည်သော လောကီ သမ္မာဝါယမ, သမ္မာသတိ, သမ္မာ သမာဓိ (၃)ပါးသည် နိယာမဖြစ်၏။

ပုထုဇဉ်ပုဂ္ဂိုလ်တို့၌တည်သော လောကီသမာဓိသည် အနိယာမဖြစ်၏။

# ပညာကုသိုလ် (၂)ပါး

၁။ အနုပ္ပန္န ပညာ

၂။ ဥပ္ပန္န ပညာ

အနုပ္ပန္နပညာသည် သောတာပတ္တိမဂ်၌ အကျုံးဝင်သော နိဗ္ဗာန်လျှင် အာရုံ ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ ပညာမဂ္ဂင် (၂)ပါး ဖြစ်၏။
ဥပ္ပန္နပညာသည် ကမ္မသကတာသမ္မာဒိဋ္ဌိနှင့် တကွဖြစ်သော ကာမာဝစရပညာ၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတအစရှိသော အဘိညာပညာဖြစ်၏။
လောကီပညာသည် နိယာမ,အနိယာမ ဟူ၍ (၂)ပါး ရှိ၏။
အရိယာတို့၌ဖြစ်သော လောကီသမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပတို့သည် နိယာမဖြစ်၏။
ပုထုဇဉ်တို့၌ဖြစ်သော လောကီပညာတို့သည် အနိယာမဖြစ်၏။

## ဣဒ္ဓိပါဒ် (၄)ပါး

ဣဒ္ဓိဟူသည် ပြီးစီးပေါက်ရောက် ထမြောက်အောင်မြင်ခြင်း ဖြစ်၏။

## သာသနာတော်မြတ်ကြီး၌ဣဒ္ဓိ (၅) ပါး

၁။အဘိညေယျေသု ဓမ္မေသု အဘိညာသိဒ္ဓိ။
အထူးသိထိုက်သော ရုပ်နာမ်တရားတို့၌ အထူးသိမှု ပြီးစီးခြင်း။
၂။ ပရိညေယျေသု ဓမ္မေသု ပရိညာသိဒ္ဓိ။
ပိုင်ပိုင်သိထိုက်သော ဒုက္ခသစ္စာတရားတို့၌ ပိုင်ပိုင်သိမှု ပြီးစီးခြင်း။
၃။ ပဟာတဗ္ဗေသု ဓမ္မေသု ပဟာနသိဒ္ဓိ။
ပယ်ထိုက်သော သမုဒယသစ္စာတရားတို့၌ ပယ်မှု၏ ပြီးစီးခြင်း။
၄။ သစ္ဆိကာတဗ္ဗေသု ဓမ္မေသု သစ္ဆိကြိယာသိဒ္ဓိ။
မျက်မှောက်ပြုထိုက်သော နိရောဓသစ္စာတို့၌ မျက်မှောက်ပြုမှု၏ ပြီးစီးခြင်း။
၅။ ဘာဝေတဗ္ဗေသု ဓမ္မေသု ဘာဝနာသိဒ္ဓိ။
ပွားထိုက်သော မဂ္ဂသစ္စာတရားတို့၌ ပွားမှု၏ ပြီးစီးခြင်း။
ပြည့်စုံခြင်း ပြီးစီးခြင်း အမျိုးမျိုး၏ အခြေအမြစ်သည် ဣဒ္ဓိပါဒ်

## ဣဒ္ဓိပါဒ် (၄)ပါး

၁။ ဆန္ဒိဒ္ဓိပါဒ် = ဆန္ဒ အကုသိုလ်၊ ကုသိုလ် (၂) မျိုး ဖြစ်၏။
၂။ ဝီရိယိဒ္ဓိပါဒ် = ဝီရိယ အကုသိုလ်၊ ကုသိုလ် (၂) မျိုးဖြစ်၏။
၃။ စိတ္တိဒ္ဓိပါဒ် = စိတ် အကုသိုလ်၊ ကုသိုလ် (၂) မျိုး ဖြစ်၏။
၄။ ဝီမံသိဒ္ဓိပါဒ် = ပညာ ကုသိုလ်တစ်မျိုးသာ ဖြစ်၏။

❖ ဆန္ဒမပါ မသွားသာ၍ ဘာညာခရီး မပြီးစီး ချည်းနီးဘုံဘဝ။
❖ ရဲရင့်မရှိ လွန်ပျင်းရိ၍ မည်သည့်ခါမှ အားမရ။
❖ အလုပ်ခွင်မှာ စိတ်မပါ ဘာညာကိစ္စ အရှုံးပြ။
❖ ဝီမံသကင်း စိတ်မလင်း ခပင်းတွင်းပ လှည့်မရ။

မဟာဗောဓိမြိုင်ဆရာတော်၏ကဗျာကို ပြုပြင်ထားသည်။